CHIN NATIONAL FRONT
General Headquarters
Chinland
Website: www.cnfhqr.com Email: cnf.headquarters@gmail.com

# (၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

## ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

ယနေ့သည် ချင်းလူမျိုးတို့မှ အမျိုးသားတရပ်အဖြစ် စုစည်းမှုကို ထုတ်ဖော်ပြသပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု အပါအဝင် မျိုးနွယ်စု အကြီးအကဲများ၏ မိမိမျိုးနွယ်စုနှင့် ဒေသအလိုက် ကျင့်သုံးခဲ့သော အမွေဆက်ခံအုပ်ချုပ်ရေး စနစ်ဟောင်းကို စွန့်ပယ် ပြီး ချင်းတမျိုးသားလုံး ကိုယ်ပိုင်စုပေါင်းအုပ်ချုပ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် ကျင့်သုံးရန်အတွက် သမိုင်းဝင် နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း (၇၈) နှစ်ပြည့် ချင်းအမျိုးသားနေ့ ဖြစ်သည်။

(၇၈) နှစ်တိုင်တိုင် ကြာမြင့်လာခဲ့ပြီဖြစ်သော်လည်း ချင်းလူမျိုးတို့ကိုယ်တိုင် ရွေးချယ်ခဲ့သော ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ခေတ်အဆက်ဆက် စနစ်တကျ တည်ဆောက်လာခဲ့သော ပြင်ပရန် ဖြစ်သည့် လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်တို့ကြောင့် ယနေ့အချိန်အထိ အပြည့်အဝ လက်တွေ့ ကျင့်သုံးနိုင်ခြင်း မရှိသေးပါ။

အောက်ချင်းဧက်ကို သင်္ကေတပြု၍ သစ္စာတရားကို လက်ကိုင်ထားသော ချင်းလူမျိုးတို့သည် မိမိတို့ဘိုးဘွားများက မျှော်မှန်းထားခဲ့သော ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ရှိသည့် ချင်းလဲန် တည်ဆောက်ရေးအတွက် နိုင်ငံရေး၊ စစ်ရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလာခဲ့ကြသည်။ ယခု ကာလသည်လည်း ချင်းလဲန်ပြည်သူတရပ်လုံး စုပေါင်းပါဝင်မှုဖြင့် ပြည်သူ့ တော်လှန်ရေးကြီး ဆင်နွှဲနေ သည့်ကာလ ဖြစ်သည်။

ယနေ့ကျရောက်သော (၇၈) နှစ်ပြည့် ချင်းအမျိုးသားနေ့တွင် တော်လှန်ရေးအတွက် မြင့်မြတ်စွာ အသက်၊ ခန္ဓာနှင့် ဘဝ ပေးလှူသွားကြသည့် ရဲဘော်ရဲမေ အားလုံးကို အောက်မေ့ အမှတ်ရပြီး လေးစား ဂုဏ်ပြုပါသည်။ အကြမ်းဖက်စစ်အုပ်စုကြောင့် အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးကြရကုန်သော မိဘ ပြည်သူအပေါင်းနှင့် ထပ်တူထပ်မျှ နားကြည်းခံစားရပါကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားတည်ဆောက်ရေး၊ ချင်းလဲန်တည်ဆောက် ရေးနှင့် ချင်းလဲန်နယ်နိမိတ် စုစည်းကာကွယ်ရေးအတွက် ချင်းလဲန်ပြည်သူများနှင့် တစ်သားတည်း ရပ်တည်၍ တိုက်ပွဲဝင်သွားမည်။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် မိတ်ဖက်တော်လှန်ရေးအင်အားစုများနှင့် လက်တွဲတိုက်ပွဲဝင်သွားမည်။

ချင်းလန်ပြည်သူများအနေဖြင့် ချင်းအမျိုးသားနေ့ ကျင်းပရခြင်း၏ အနှစ်သာရဖြစ်သော "ချင်းတမျိုးသားလုံး စုစည်းညီညွတ်မှုဖြင့် ချင်းကြမ္မာချင်းဖန်တီးရမည်" ဟူသည့်အချက်ကို နှလုံးသွင်းပြီး (၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့ကို အနှစ်သာရရှိရှိဖြင့် ကျင်းပကြပါရန် တိုက်တွန်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ချင်းအမျိုးသားတပ်ဦး**